the voice of spring

4.6.2021 · Friday · No . 60 · Daily News Pamphlet

## စာသင်ကျောင်းများကို ပစ်မှတ်ထားတိုက်ခိုက်ခြင်းကို NUG ပညာရေးဝန်ကြီးဌာနမှ ပြင်းထန်စွာရှုတ်ချ

သတင်းတို

ရင်းမြစ် – NUG မှ

## အကြမ်းဖက်စစ်အုပ်စုကို ဒဏ်ခတ်ပိတ်ဆို့မှုအသစ်များ EU ချမှတ်ဖို့ရှိကြောင်း ရိုက်တာသတင်းဌာနကိုပြောခဲ့

သတင်းတို

ရင်းမြစ် – BBC မှ

## အခြေခံဥပဒေသစ်ရေးဆွဲရာ၌ တနိုင်ငံလုံးအပြင် ရခိုင်ပြည်နယ်ရှိ ပြည်သူများ၏ သဘောထားများကိုလည်း ရယူမည်ဖြစ်ပြီး ၁၉၈၂ နိုင်ငံသားဥပဒေနှင့် အခြားလူမျိုးများအပေါ် လူ့အခွင့်အရေးချိုးဖောက်၊ ဖိနှိပ်ခဲ့ခြားသည့် ဥပဒေများကို ဖျက်သိမ်းမည်ဟု ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာပြည်သူများဆိုင်ရာမူဝါဒသဘောထားကို NUG အစိုးရမှ ထုတ်ပြန်ခဲ့

သတင်းတို

ရင်းမြစ် – NUG မှ

## တောင်တန်း၊ ပြည်မ ညီညွတ်ကြသည် သပိတ်များကို ရန်ကုန်နှင့် အခြားမြို့များ၌ ပြုလုပ်ခဲ့ကြ









ဇွန်လ(၃)ရက်၊ ရန်ကုန်မြို့နယ်ပေါင်းစုံ၊ မန္တလေးမြို့၊ ကျန်းမာရေးမိသားစုနှင့် အောင်မြေသာစံစစ်ကြောင်းတို့၏ တောင်တန်းပြည်မ၊ ညီညွတ်ကြသည် သပိတ်စစ်ကြောင်းများကို တွေ့မြင်ရစဉ် -(ဓါတ်ပုံ - CJ )

## အာဏာရှင်များသည် သူတို့ကိုယ်သူတို့ နိုင်ငံတော်ဟု ထင်မှတ်နေကြပြီး နယ်နိမိတ်၊ ပြည်သူ၊ အစိုးရ၊ အချုပ်အခြာအာဏာတို့ပေါင်းစပ်မှသာနိုင်ငံတော်ဖြစ်ပြီး မူလအာဏာပိုင်ရှင်မှာ ပြည်သူသာဖြစ်သဖြင့် စစ်အုပ်စုကို ဆန့်ကျင်ခြင်းသည် နိုင်ငံတော်ကို ပုန်ကန်ခြားနားဆန့်ကျင်ခြင်းမဟုတ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဒေါ်ဇင်မာအောင် ပြောကြား

သတင်းတို

ရင်းမြစ် – နွေဦးအသံ မှ

## CRPH အသိအမှတ်ပြုမှုနှင့် ကချင်ပြည်နယ်အစိုးရကို ဗမာနိုင်ငံရေးအင်အားစုများ မပါဝင်ဘဲ KNO ဖွဲ့စည်းမည်

သတင်းတို

ရင်းမြစ် – RFA မှ

## ပြည်သူများ၏ စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ ထိခိုက်စေသည့် မည်သည့်အကြမ်းဖက်မှုကိုမှ လက်မခံဟု CRPH ကြေညာ

သတင်းတို

ရင်းမြစ် – CRPH မှ

## NUG စစ်ကျင့်ဝတ်များကို လိုက်နာပြီး ကလေး၊ ကျောင်းသားနှင့် ပြည်သူ ထိခိုက်စေသည့် လုပ်ရပ်များကို (လုံးဝ)မပြုလုပ်ဟု ရန်ကုန်ရှိ PDF(၉)ဖွဲ့မှ ထုတ်ပြန်

သတင်းတို

ရင်းမြစ် – မြန်မာနောင်း မှ

ဖတ်ပြီးလျှင် လက်ဆင့်ကမ်းဝေမျှပေးပါ၊ ဖြစ်နိုင်လျှင် မိတ္တူပွား၍ ဆက်လက်မျှဝေပါ၊ ဖုန်းဖြင့် ဆော့ဖ်ကော်ပီကိုလည်း အဆင်ပြေသလို ဖြန့်ချိမျှဝေပေးကြပါ၊ သတင်းစီးဆင်းမှု(လုံးဝ)မရပ်တန့်စေရ။

ဖေဖော်ဝါရီ(၁)ရက်မှ ဇွန်(၃)ရက်အထိ

ကျဆုံးသူဦးရေ - ၈၄၅ ဦး

အဖမ်းဆီးခံရသူဦးရေ- ၅၆၅၂ ဦး

ဝရမ်းထုတ်ခံရသူဦးရေ- ၁၉၃၁ ဦး

ရင်းမြစ် – အေအေပီပီမှ

4.6.2021 · Friday · No . 60 · Daily News Pamphlet


# သတင်းမှတ်စု

ရင်းမြစ်-မဇ္ဈိမ

ဇွန်လ(၃)ရက်၊ ၂၀၂၁

- ဗန်းမော်၊ မန်စီမြို့၌ ခမရ ၃၆၉ မှ တပ်သားထန်ရားပေါင်မှာ ဇွန်လ ၂ ရက်မှစ၍ CDM ပြုလုပ်၍ ပြည်သူနှင့်ပူးပေါင်းလာခဲ့ဟုသိရ။
- မိုးမောက်မြို့၊ ဒွေဖုန်းယန်မြို့အနီး အူထန်ယန် ကျေးရွာအနီး၌ ဒွေဖုန်းယန်ဘက်မှ အလောဘွမ်ဘက်သို့ တက်လာသည့် အင်အား (၅၀)ကျော်ပါ စစ်အုပ်စုတပ်ဖွဲ့ကို နံနက်ပိုင်းက KIA တပ်ရင်း(၁၉)က ကြားဖြတ်တိုက်ခိုက်ခဲ့ရာ နှစ်နာရီခန့်ကြာသည်အထိ တိုက်ပွဲပြင်းထန်ခဲ့ဟု သိရ။
- မင်းတပ်မြို့၊ ရွှေအောင်သာရွာ ဘုန်းကြီးကျောင်း၌ တပ်စွဲနေသည့် အင်အား(၆၀)ခန့်ရှိ စစ်အုပ်စုတပ်ဖွဲ့ကို CDF က တိုက်ခိုက်ခဲ့ရာ စစ်အုပ်စု(၃)ဦး သေဆုံးခဲ့ဟုသိရ။
- ကျောက်ဆည်မြို့၊ ထားဝယ်လမ်း၊ ပြည်ပန်းဂိတ်ရှိ စစ်အုပ်စုစစ်ဆေးရေးဂိတ်အား ဇွန်(၂)ရက်၊ ည(၉)နာရီကျော်က ပြောက်ကျားတပ်ဖွဲ့က လက်လုပ်မိုင်းဖြင့် ပစ်ခတ်ခဲ့ရာ စစ်အုပ်စု(၃)ဦး သေဆုံးပြီး (၂)ဦး ဒဏ်ရာရရှိခဲ့ ဟုသိရ။
- မိုးကုတ်မြို့ ရွှေခေတ် လက်ဖက်ရည်ဆိုင်အနီး၌ မိုးကုတ်ရဲစခန်းမှူးကို ည(၇:၁၅)က ဆိုင်ကယ်စီးလာသူ (၃)ဦးက စခန်းမှူး၏ လည်ပင်းအား ဓားနှင့် ထိုးခဲ့ဟုသိရ။
- မြင်းခြံမြို့ အမှတ် (၁) တိုးချဲ့ရပ်ကွက်၊ မြို့သစ်(၁၇)လမ်း၌ အရပ်ဝတ်ဖြင့် သွားနေသည့် စစ်အုပ်စုနှစ်ဦးကို နံနက်(၉) နာရီခွဲခန့်က မြင်းခြံ Zero ပြောက်ကျားတပ်ဖွဲ့က သေနတ်နှင့် ပစ်ခတ်သဖြင့် တဦး ပွဲချင်းပြီး သေဆုံးကာ ကျန်တဦးမှာ ထွက်ပြေးခဲ့။





- ကြည့်မြင်တိုင်၊ ညဈေးအနီးရှိ ပိတောက်ပင်လမ်း၌ စစ်အုပ်စုက ဧည့်စာရင်းစစ်မည်ဟု ဆိုကာ လမ်းတွင်းရှိ တိုက်ခန်း၊ နေအိမ်များကို ချိုးဖျက်ကာ ဝင်ရောက်စစ်ဆေးရန် ပြုလုပ်စဉ် ည(၁၁)နာရီခွဲခန့်က ပေါက်ကွဲမှုအသံတစ်ခု ကြားခဲ့ပြီးနောက် ပြန်လည်ထွက်သွားကြဟုသိရ။
- ပဲခူးတိုင်း ရေတာရှည်မြို့နယ် ခင်တန်းကျေးရွာ စစ်ကျွန်အုပ်ချုပ်ရေးမှူး ဦးမျိုးညွန့် (စစ်မှုထမ်းဟောင်း)ကို ဆွာရွာမ ကျေးရွာအုပ်စု၊ ဆွာရွာမ နှင့် ရွာသစ်ရွာကြားရှိ တံတားအောက်၌ သေနတ်ဒဏ်ရာနှင့် သေဆုံးခဲ့။
- မုံရွာ၌ ညနေ(၇)နာရီခွဲခန့်တွင် ကျောက္ကာလမ်း၊ ဘုန်စိုးရပ်ကွက်၊ နေဇာလမ်းသွယ်၌ သုံးကြိမ်ဆက်တိုက် ပေါက်ကွဲခဲ့ပြီး ညနေ(၅)နာရီခန့်က မုံရွာကားကြီးကွင်းရှိ ရွှေမန်းသူ ကားဂိတ်၊ ည(၈)နာရီခန့်တွင် ရုံးကြီးရပ်၊ စာရေးတန်းလမ်းတို့၌ ပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ဟုသိရ။
- ယင်းမာပင်မြို့နယ်၊ သီးကုန်းကပိုင်ရွာ၌ နံနက်(၇:၁၀)မိနစ်ခန့်က မိုင်းပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီး ဆိုင်ကယ်စီးလာသူတဦး သေဆုံးပြီး အခြားတဦး ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့။
- ကလေးမြို့နယ်၊ နတ်ချောင်းရွာအကျော်ရှိ ရေနံ့ထွက်ရာ ဒိုးနယ်မော်ဘက် အရှေ့စည်းနှင့် ဒိုးနွယ်ရွာကြား၌ စစ်အုပ်စုနှင့် ဒေသခံ PDF များအကြား နံနက်ပိုင်းက အပြန်အလှန် ပစ်ခတ်မှုဖြစ်ပွားခဲ့။
- ကျုံပျော်မြို့ အ.ထ.က ကျောင်းရှေ့၌ ဇွန်(၂)ရက်၊ ည(၈)နာရီခန့်က ပေါက်ကွဲမှု(၃)ကြိမ် ဆက်တိုက်ဖြစ်ပွားခဲ့ဟုသိရ။
- ရန်ကုန်၊ အနော်ရထာလမ်း၊ မြို့နယ်ပေါင်းစုံ လူငယ်များ။ မန္တလေး၊ တပ်ပေါင်းစု၊ အောင်ပင်လယ်၊ အောင်မြေသာစံ၊ ရတနာပုံ၊ တကသ၊ သံဃသမဂ္ဂ။ မြင်းခြံ။ ကျောက်ဆည်ခရိုင်၊ မတ္တရာမြို့။ မိုးကုတ်။ ပြင်ဦးလွင်။ ညောင်ဦး။ မုံရွာ။ ရွှေဘို၊ ဆိတ်ခွန်ကျေးရွာ။ အောင်လံ။ ဆားလင်းကြီး၊ ကျေးရွာပေါင်းစုံနှင့် ယင်းမာပင်။ ဘုတလင်။ ဂန့်ဂေါမြို့နယ်၊ နမ်းခါးရွာ။ တန့်ဆည်။ မြိုင်။ ကလေးမြို့။ ရေဖြူ၊ ကံပေါက်။ သရက်ချောင်း၊ သရက်နစ်ခွ။ ထားဝယ်။ လောင်းလုံမြို့နယ်၊ မောင်းမကန်၊ ဝေဒီ၊ ညင်းမော်၊ စစ်ပြ၊ တီဇစ်ကျေးရွာများ။ သရက်ချောင်းမြို့နယ်၊ ဥတ္တုကျေးရွာ။ မြိတ်။ ဖားကန့် မြို့၊ တာမခန်၊ အေးမြသာယာ စသဖြင့် မြို့အသီးသီး၌ လူအင်အားရာချီသော သပိတ်စစ်ကြောင်းကြီးများဖြင့် တောင်တန်းပြည်မညီညွတ်ကြသည် ဆိုင်းဘုတ်များနှင့် ဆန္ဒဖော်ထုတ်ခဲ့ကြ။

## နိဒါန်းသစ်

၈၈ ရေစီးရဲ့  
မပြီးသေးတဲ့  
တော်လှန်ရေးဟာ  
၂၁ မှာ  
မြစ်လို စီးဆင်းခဲ့ပြန်တယ်။

မိုးအဆုံး မြေအဆုံး  
နှလုံးသွေး ဖွဲ့ခတ်လို့  
မိစ္ဆာတပ်ကို  
အမြစ်ဖြတ်ရမယ်။

ပြည်မလည်း  
အရေးကြီးပြီဆို  
တောင်တန်းလည်း  
သွေးစည်းညီမှ  
ရွှေပြည်တော်လည်း  
မျှော်တိုင်းနီးလိမ့်မယ်။

**လက်ရုံးညီ**

## The Voice Of Spring Cartoon




**အရေးတော်ပုံ မုချ အောင်ရမည်**



ဇွန်လ(၃)ရက်၊ ကလေးမြို့၌ နေ့စဉ်မပြတ်ချီတက်နေသည့် ပင်မသပိတ်စစ်ကြောင်းတခုကို တွေ့မြင်ရစဉ်-(ဓါတ်ပုံ-CJ )


fb.com/thevoiceofspring · twitter@NewsPamphlet · thevoiceofspringdaily@gmail.com


## နွေဦးစကား ဒို့ပြောကြား

"တောင်တန်းပြည်မညီညွတ်ကြ တော်လှန်စစ်ပွဲ ဒို့ဆင်နွှဲမည်"

"ကျည်ဆန်တွေဟာ အမှန်တရားစာမျက်နှာကို ထိုးမဖောက်နိုင်ဘူး"